
လွမ်းသူ့ရထား
ရသစာတမ်းများ
ရဲညှမ်း

## (အလွမ်းရထား ခရီးသည်၏ ကြိုဆိုနှုတ်ခွန်း)

ဆရာရဲသျှမ်း၏ စာများ ကို သူနှင့်ခေတ်ပြိုင် မန္တလေးအုပ်စု စာရေး ဆရာများ နှင့်အတူ နှစ်သက် တွယ်ငြိခဲ့ရသော်လည်း ဆရာ့စာများ စာမျက်နှာပေါ် အရောက်ကြဲသွားချိန်မှာ မှ ရန်ကုန် ရောက် ဆရာညီပုလေး၏ မိတ်ဆက်ပေးမှုဖြင့် တာဝန်လှိုင်းထဲကူးခတ်ရင်း စာရေး ဖို့အချိန်ပေးဖို့ လွယ်ပုံပေါ်သော ဆရာရဲသျှမ်းကို အရှင်လတ်လတ် ခင်မင်ခွင့်ရခဲ့ပါသည်။ နောင်တော့ ရထား လက်မှတ်ကိစ္စဖြင့် ဆရာ့ဆီ မကြာခဏရောက်တတ်ပြီး စာစကားပေစကား ပြော ဖြစ်သည်မှလွဲပြီး ဆရာ့ဆီ တကူးတက မသွား ဖြစ်ခဲ့ပါ။ တစ်နေ့တော့ ဆရာ့ဆီအရောက်မှာ စာပြန်ရေး ဖို့ အချိန်မပေး နိုင်ဘူးလားဟု မေး ဖြစ်သည့်အခါ ဆရာက "ဝတ္ထုတစ်ပုဒ်ရေး ထားကြောင်း၊ တိုက်သွားပေးဖို့ အချိန် မရ ဖြစ်နေကြောင်း" ပြောသဖြင့် ဆရာပို့လိုသော တိုက်ကို ကျွန်တော် ပို့ပေးပါမည် ဟုဆိုပြီး ဆရာ့ဆန္ဒအတိုင်း မဟေသီကို ပို့ပေးခဲ့ပါသည်။ တိုက်ကိုလည်း ဆရာ့ဝတ္ထုကို သုံး ဖြစ်လျှင် မြန်မြန် သုံးပေးပြီး မသုံး ဖြစ်လျှင်လည်း ကျွန်တော့်ကို ပြန်ပေးဖို့ မေတ္တာရပ်ခံခဲ့သည်မှအပ ကျွန်တော် ထူးထူးထွေထွေ လုပ်ပေးခဲ့ရတာ မရှိပါ။ သို့ပေမယ့် နောင်မှာ ဆရာရဲသျှမ်းက စာပေနယ်ကို ခြေလှမ်းသွက်သွက်ဖြင့် ပြန်ဝင်ရောက်နိုင်သည်မှာ ကျွန်တော် ပို့ပေးခဲ့သော စာမူကလေး ပါလာသည့်အားကြောင့် ဖြစ်ကြောင်း အသိအမှတ်ပြုစကား ပြောသဖြင့် ဝမ်းသာရပါသည်။

ယခုတော့ ဆရာက စာတွေ အလွန် ရေး နိုင်ရုံမက စာပေလောကတာဝန်များ ကိုလည်း အတော် လေး သယ်ပိုးလုပ်ဆောင်နိုင်နေသည်ကို အားရစဖွယ် တွေ့ မြင်နေရသည်။ တစ်ဖက်မှာလည်း ရသစာပေနယ်မှာ ဆရာ့အောင်မြင်မှုများ က ဝင်းပြက်လင်းလက်နေသည်။ ရွှေအမြုတေ စာပေဆု၊ အမျိုးသားစာပေဆုတို့အပြင် လစဉ်မဂ္ဂဇင်းအတော် များများမှာ ပင်တိုင်ရေး ဖြစ်နေသော ဆရာ့ကို စာဖတ်သူတို့က အသိအမှတ်ပြု လေးစားသည့်ဆုကိုလည်း စဉ်ဆက်မပြတ်ရနေသူ ဖြစ်သည်။ တစ်ဖက်မှာ လည်း

ဆရာက ရသစာဖတ်ဝိုင်းကို ဦးဆောင်လုပ်သူတစ်ဦး ဖြစ်နေပြန် သည်။ ဆရာ့စာဖတ်ဝိုင်းမှာ တက်ရောက်သူအ ဖြစ် နှစ် ကြိမ်၊ ဝတ္ထုဖတ်သူအ ဖြစ် တစ်ကြိမ် ရောက်ရှိ သည်မှအပ ကျွန်တော် ပုံမှန်ပါဝင်ဖြည့်ဆည်းပေးသူ မ ဖြစ်နိုင်ခဲ့ပါ။ စာရေး ရင်းတစ်ဖက်မှာ က ဝန်ထမ်းဘဝ ကျွန်ဇာတာမှ မလွတ်နိုင်သေးသော ကျွန်တော့်မှာ တနင်္ဂနွေနေ့လည်မှာ မအားနိုင်ပဲ ဖြစ်တတ်သည်။ အထူးသဖြင့် ယင်းအချိန်မှာ အဝေးတွင် ပညာသင်နေသည့် သမီးငယ်နှင့် တစ်ပတ်တစ်ခါ ချိန်းဆိုထားသော ဗီဒီယိုဖုန်းစကားပြောချိန်နှင့်လည်း အမြဲတိုက်ဆိုင်နေ၍ လည်း ဖြစ်သည်။ ဒါကြောင့် စာဖတ်ဝိုင်းတက်ဖို့ သမီးကြီး ဖြစ်သူ စာရေး ဆရာမကိုသာ မိသားစုကိုယ်စား လွှတ်လိုက်ရပြီး သူ့ညီမလေးကို သူ့မှာ လို ပြောလိုသည်များ ကို ကျွန်တော် တို့က တာဝန်ယူပြောပေး ဖို့ တာဝန်ခွဲရစမြဲ ဖြစ်သည်။

ဘာပဲ ဖြစ် ဖြစ် စာတွေ လည်း ရေး နိုင်၊ စာပေကိစ္စတွေ လည်း လုပ်နိုင်၊ စာပေဟောပြောပွဲတွေ လည်း သွားနိုင်သော ဆရာ့ကို ကျွန်တော် အားကျမုဒိတာ ပွားပါသည်။ ဆရာက ဝတ္ထုရော၊ အက်ဆေးရော၊ ဆောင်းပါးပါ ရေး နိုင်ပြီး စာပေဝေဖန်ရေး တာဝန် ကျွန်တော် သိသိသာသာ ပျက်ကွက်နေချိန်မှာ နောက်မျိုးဆက်ကလေးများ ကို လူချင်းတွေ့ လို့ ဖြစ်စေ၊ ဖုန်းချင်းချိတ်လို့ ဖြစ်စေ ချီးမွမ်းတာရော။ ချေချွတ်တာရော၊ ဝေဖန်သရုပ်ခွဲတာပါ တာဝန်ကျေကျေ လုပ်လေ့ရှိသူအ ဖြစ် ကျွန်တော် ကြားသိနေရသည်။ ဒီအတောအတွင်း ႏ ဆရာ့ဝတ္ထုတိုစုစည်းမှုများ ၊ ဆရာ့အက်ဆေး ပေါင်းချုပ်များ ၊ လူငယ်ပညာပေးဆောင်းပါးစာအုပ်များ ဆက်တိုက် ထွက်ထွက်လာသည်ကိုလည်း ဖတ်ရသည်။

တစ်နေ့တော့ စာပေထုတ်ဝေရေး လုပ်နေသူ သမီးကြီး စာရေး ဆရာမ စုသဲမွန်က ဆရာ ရဲသျှမ်း၏ အက်ဆေးစုစည်းမှု စာအုပ်ထုတ်ချင်ကြောင်း ကျွန်တော့်ကို တိုင်ပင်သည်။ ကျွန်တော် ကလည်း ဝမ်းမြောက်ဝမ်းသာ အားပေးပါသည်။ သို့ သော် စာအုပ်ထုတ်ဝေရေး ကို စီးပွားရေး လုပ်ငန်းတစ်ရပ်လို

စိတ်ဝင်တစား ဖိဖိစီးစီးမလုပ်နိုင်ဘဲ မိမိတို့ပင်မအလုပ်များ ထဲတွင် နစ်မြုပ်ရင်း ခရီးသွားဟန်လွှဲ လုပ်နေကြသော ကျွန်တော် တို့အတွက် ထုတ်ဝေပြီးသော စာအုပ်များ မှ ပြန်ကောက်ခံသည့်ငွေဖြင့် စာတစ်အုပ်စာ ပြန်မရနိုင်သေးဘဲ အချိန်စောင့်ရ၊ ငွေစုရဦးမည် ကို တွေ့ ရသဖြင့် ဆရာ့ကို မပြောရဲသေးဘဲ ဖြစ်ခဲ့သည်။ ထိုကာလမှာ ပင် ကျွန်တော် တို့နှင့် မိသားစုလို ရင်းနှီးခင်မင်ပြီး စာပေကိုလည်းချစ်၊ စာရေး ဆရာများ ကိုလည်း လေးစားတန်ဖိုးထားသူ ဒေါ်ခင်ခင်ပွားနှင့် မျက်မှောက် စာပေရေး ရာများ အကြောင်း စကားဝိုင်းဖွဲ့ပြော ဖြစ်ရင်း ယင်းအကြောင်းကို စကားစပ်မိပါသည်။ ဒေါ်ခင်ခင်ပွားက ဆရာရဲသွေးမြမ်း၏ ပရိသတ် ဖြစ်သည့် အားလျော်စွာ ဆရာရဲသွေးမြမ်းအက်ဆေးများ ကို ထုတ်ဝေစေချင်ပုံကို ပြောပါသည်။

နောက်ဆုံးတွင် ဒေါ်ခင်ခင်ပွားက ဆရာရဲသွေးမြမ်း၏ စာအုပ်ကို သူက ငွေကြေးစိုက်ထုတ်ပြီး ထုတ်ဝေပေးလိုသဖြင့် စီစဉ်ဆောင်ရွက်ပေးရန် ပြောသည့်အတွက် ကျွန်တော် တို့ကလည်း ကျေကျေနပ်နပ်ပင် လက်ခံသဘောတူခဲ့ပါသည်။ ဆရာရဲသွေးမြမ်းကို ယင်းသို့ ထုတ်ဝေလိုကြောင်း ပြောသည့်အခါလည်း လွယ်လင့်တကူ သဘောတူ ခွင့်ပြုခဲ့ပါသည်။ စာအုပ် ဖြစ်မြောက်ရေး လက်တွေ့ ဆောင်ရွက်သည့်အခါ ကျွန်တော် နှင့်သမီးက ပင်မအလုပ်တာဝန်များ တွင် နစ်မြုပ်နေပြီး အချိန်ပေးနိုင်မှုနည်းသည်က တစ်ကြောင်း၊ ဈေးကွက်သဘောအရ ဆရာရဲသွေးမြမ်း၏ အခြားစာအုပ် များ ထုတ်ဝေမှုနှင့် သိပ်မနီးကပ်စေရန် စောင့်ရသည်က တစ်ကြောင်းကြောင့် စာအုပ် ဖြစ်မြောက် ရေး မှာ ထင်သည်ထက် ပိုကြာမြင့်ခဲ့ပါသည်။

ဆရာ အက်ဆေးအများ စုမှာ ကျွန်တော် တို့ ဖတ် ဖြစ်ခဲ့ပြီး ဖြစ်သော လည်း စာဖတ်အား ကျသွားသော  ကျွန်တော့်အတွက် အသစ်စက်စက် အက်ဆေးများ စွာကိုလည်း ဆရာစာမူစုစည်းမှု ထဲတွင် တွေ့ ရပါသည်။ ဆရာ့အက်ဆေးများ ကို စာဖတ်သူထံ တစ်စုတစ်စည်းတည်း လက်ဆင့် ကမ်းရာမှာ

စကားလက်ဆောင်အ ဖြစ် ဆရာအက်ဆေးများ အကြောင်း အနည်းငယ် ပြောလိုပါ သည်။

ဆရာ့အက်ဆေးများ မှာ အိမ်တွင်း ၊ မိသားစုတွင်း ၊ ခံစားချက်မှသည် ပြည်တွင်း ၊မိသားစု ရေး ရာအပြင် ကမ္ဘာသူကမ္ဘာသား မိသားစုများ အကြား အသိအမြင် အတွေ းအခေါ်ဖလှယ်ခြင်းအထိ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နေသည်ကို တွေ့ ရသည်။ အထူးသဖြင့် ပြည်တွင် းမိသားစုရေး ရာများ တွင် မျက်မှောက်ခေတ်ကာလကို ထင်ဟပ်ရေး သားပြီး ပြောသင့်ပြောထိုက်၊ ရေး သင့်ရေး ထိုက်သည် များ ကို ထိထိမိမိဖြင့် ရသမြောက်မြောက် ရေး သားထားသည်များ ကို တွေ့ ရသည်။ “သဘောထား ကောင်းသည့်နိုင်ငံ” တွင် စစ်ပွဲများ ၊ ပဋိပက္ခများ ကို ဖန်တီးပြီး ကိုယ်ကျိုးရှာနေသူများ ကို “theme က တစ်ခုတည်း၊ တစ်ထပ်တည်း တူပေမပေ့ါ၊ ဇာတ်လမ်းရေး သူက တစ်ယောက်တည်း၊ တစ်စု တစ်ဖွဲ့တည်း” ဟု တိတိကျကျ ထောက်ပြထားသည်။ အလားတူ “ဂန္ဒီကြီး” တွင် လက်ရှိ ဘာသာရေး ၊ လူမျိုးရေး ပဋိပက္ခများ ကို ဂန္ဒီကြီးအား တိုင်တည်လျက် ရဲရဲဝံ့ဝံ့ ရေး သားထားသည်။ သား ဖြစ်သူကို မူဆလင်များ သတ်၍ သေဆုံးသွားသဖြင့် ဒေါသ ဖြစ်နေသော ဟိန္ဒူအမျိုးသားကြီးကို ဂန္ဒီကြီးက ဟိန္ဒူသတ်သဖြင့် မိဘမဲ့ ဖြစ်ရသူ မူဆလင်ကလေးငယ်ကို သားအ ဖြစ် မွေးစားပါ။ ပြီးတော့ သူကိုးကွယ်ရာ အစ္စလာမ်ဘာသာဝင်အ ဖြစ် ကြီးပြင်းပါစေဟု ဆိုလိုက်ပုံမှာ လေးနက် ကြီးမြတ်လွန်းသဖြင့် အတ္တနှလုံးသားများ လက်ခံယူရန် နေရာဆန့်လိမ့်မည် မထင်ပေ။ သို့ သော် ဆရာကတော့ သူ့တာဝန်ကျေစွာ အမှန်တရားသစ္စာကို ဝေ့ထောက်ပြပြောဆိုခဲ့ခြင်းသာ ဖြစ်သည်။ လွတ်လပ်စွာ လွမ်းဆွတ်ခြင်းတွင် လည်း ဗိုလ်ချုပ်ကို ချစ်ကြ၊ လွမ်းကြသည့် နှလုံးသား များ ကိုယ်စား မိမိရရ လွမ်းဆွတ်ထားသည်။

စာအုပ်ခေါင်းစဉ် ဖြစ်သော လွမ်းသူ့ရထားကတော့ အများ စုလွမ်းဆွတ်ကြရသည့် ကျွန်တော် တို့ငယ်ငယ်က ရထားအကြောင်းဖြင့် အစချီပြီး

လွမ်းထိုက်သူများ ဆီ စကားသွယ်ထားသည်။ အထူးသဖြင့် ဇာတိကိုလွမ်းရင်း ပြည်ပမှာ ကွယ်လွန်သွားခဲ့သော ကဗျာဆရာကြီး တင်မိုးကို တသ ထားသည်။ ဆရာရေး ထားသည်က ရသလည်း မြောက်၊ အက်ဆေးလည်း ဖြစ်သော်လည်း ရထား ချည်းမှာ ကို အက်ဆေးတစ်ပုဒ်စာမက ဆရာ့မှာ လွမ်းစရာတွေ ရှိနေခဲ့မှာ ဖြစ်ပြီး လွမ်းထိုက်သူများ အကြောင်းကလည်း အက်ဆေးသုံးလေးပုဒ်မက ရှိနေဦးမည် ဟု တွေ းမိလိုက်ပါသည်။ "ပေါင်းပင်" ကတော့ ကျွန်တော့်ရင်ကို အငြိဆုံး ဖြစ်ပြီး အက်ဆေးပီသလှစွာ ရသပိုင်းမှာ ထိထိရှရှရှိသလောက် လောကအမြင်ကလည်း စူးရှနက်နဲကာ ခေတ်ကိုလည်း ထင်ဟပ်နိုင်လှသော စာတစ်ပုဒ် ဖြစ်သည်။ ပေါင်းပင်များကို အလှမြက်ခင်းလုပ်လိုက်ခဲ့ပုံ၊ ဂေါက်ကွင်းမြက်ခင်းပြင်ရောက် စပျစ်တစ်ပင် ပေါင်းပင်အ ဖြစ် အခုတ်ခံရပုံများ ဖြင့် ထင်ဟပ်ကာ မျက်မှောက်ဝန်ထမ်းလောကထဲ နေရာမှာ းပြီး ပေါင်းပင်အ ဖြစ် ဝင်လာသူတို့အကြောင်း မီးမောင်းထိုးပြထားသည်။

"မိခင်မြစ်" မှာ လည်း ဆရာ့၏ တာဝန်ကျေစွာ ထောက်ပြပြောဆိုသံကို ကြားခဲ့ရပြီး မီးတောင်ပျို့အလွမ်းမှာ ဒီနေ့စာပေလောကထဲ ထင်ရှားနေသူတချို့၏ ငယ်လက်ရာတချို့ဖြင့် လူငယ်နှလုံးသားများ ဖြင့် ထုဆစ်ခဲ့ကြသည့် စာပေပန်းပုတစ်ရုပ်အကြောင်း ပြန်လွမ်းသထားသည်။ "မီးလောင်သော တောင်၊ မီးတောင်မဟုတ်" မှာ ဘော်တွင် းသို့ စာပေဟောပြောပွဲသွားရင်း ရလာသော ခံစားချက်များ ဖြင့် သတ္တုတူးသမားတို့၏ ရုန်းကန်မှု၊ သတ္တုသိုက်များ ၏ တန်ဖိုးတို့ကို ရေး ဖွဲ့တင်ပြထားခြင်း ဖြစ်သည်။

တကယ်တော့ ကျွန်တော် သည် ဆရာ့ "လွမ်းသူ့ရထား" မောင်းနှင်ထွက်ခွာခြင်းကို ကူညီပံ့ပိုးပေးရမည့်သူတစ်ဦး ဖြစ်ပါသည်။ သို့ သော် ကျွန်တော် သည် ကျွန်တော့်တာဝန်ထက် ဆရာ့ "လွမ်းသူ့ရထား" မှာ ခရီးသည်တစ်ဦးအ ဖြစ် စီးနင်းလိုက်ပါရင်း ရသခရီးသွားရသလို ခံစား နေမိသည်။ ထိုခံစားရမှုကို ကျေနပ်နှစ်သက် ရင်းက ကျွန်တော် ခံစားရသော ခရီးသွားရသကို

ရသချစ်ပရိသတ်ကို ဝေမျှပေးလိုလှပါသော ချင်ခြင်းပိုမို ဖြစ်မိပါသည်။

ထိုသို့ ဝေမျှပေးလိုသော ဆန္ဒကို ဝိုင်းဝန်းဖြည့်ဆည်းပေးကြသော ယခုစာအုပ်ကို ငွေကြေး စိုက်ထုတ် အကုန်အကျခံ ထုတ်ဝေပေးသော ဒေါ်ခင်ခင်ပွား၊ စာအုပ်ထုတ်ဝေခွင့်ပြုသော ဆရာ ရဲသျှမ်း၊ စာအုပ် ဖြစ်မြောက်ရေး နှင့် စာအုပ်မျက်နှာဖုံးကို တာဝန်ယူဆောင်ရွက်ပေးသော မအေးဖြူအောင်တို့ကို ကျေးဇူးစကားဆို မှတ်တမ်းတင်ရင်း ဆရာ့ "လွမ်းသူ့ရထား" တွင် ကျွန်တော်နှင့်အတူ လိုက်ပါပြီး ရသခရီးလမ်းကို လှမ်းကြမည့် စာဖတ်သူ စာချစ်သူတို့ကို ယခု စကားလက်ဆောင်စာစုဖြင့် လက်ကမ်းကြိုဆိုလိုက်ပါသည်။

**စာဖတ်သူများ အားလေးစားစွာ**

**မောင်လွင်မွန် (ကသာ)**

*

## အခန်း (၁)

ဖခင်ဆိုသည့် ကြီးမြတ်သော ပုဂ္ဂိုလ်အား သေးနုတ်သော ၊ ပျက်ဝပ် သော ၊ နုံချာသော ၊ မှိန်ဖျော့သော ၊ ခြောက်သွေ့သော ၊ အမည် နာမ ဖြင့် မနှိုင်းစေရအောင် ခေါင်းမီးတောက်မတတ် ကျွန်တော် စဉ်းစား ရပါသည်။ နှလုံးသားကပါ စေ့ဆော်လို့လားမသိ ဟော. . . တွေ့ ပြီ။ ကျွန်တော့် လက်ဖျောက်တီးသံက ခါတိုင်းထက် ပီပြင် ပြင်းထန်ပါ လိမ့်မည် ။

**ပင်လယ်များ**

*

## ပင်လယ်များ

မေမေ၊ မာမား၊ မာတာ၊ မို့အို၊ အိုမား၊ မာမီ၊ မာသာ . . . မ တွေ ကြောင့် မိခင်ကို မြင့်မိုရ်နှင့် နှိုင်းခဲ့လေသလားဟု ကျွန်တော် တွေး မိပါသည်။ သည်လိုဆိုလျှင် ဖေဖေ၊ ပါပါး၊ ပီတာ၊ ဖအို၊ အိုပါး၊ ဖာသာ . . . ပ၊ ဖ တွေ ကြောင့် ဖခင်ကိုနှိုင်းရမည့် ဝေါဟာရတစ်ခုကို ရှာဖွေဖို့ လိုပါလိမ့်မည် ။ သည်ဝေါဟာရသည် ပ (သို့ မဟုတ်) ဖ ပါရမည် ။ ကြီးမြတ်သော ပုံရိပ် ရှိရမည် ။ ဒါမှလည်း မြင့်မိုရ်ကို ယှဉ်နိုင်မည် မဟုတ်လား။

ကျွန်တော် စဉ်းစားရပါပြီ။ ဦးနှောက်နှင့်သာမက နှလုံးသားနှင့်ပါ စဉ်းစားရပါသည်။ ဖခင် ဆိုသည့် ကြီးမြတ်သော ပုဂ္ဂိုလ်အား သေးနုတ်သော ၊ ပျတ်ဝပ်သော ၊ နုံချာသော ၊ မှိန်ဖျော့သော ၊ ခြောက်သွေ့သော ၊ အမည် နာမဖြင့် မနှိုင်းစေရအောင် ခေါင်းမီးတောက်မတတ် ကျွန်တော် စဉ်းစား ရပါသည်။ နှလုံးသားကပါ စေ့ဆော်လို့လားမသိ ဟော . . . တွေ့ ပြီ။ ကျွန်တော့် လက်ဖျောက်တီး သံက ခါတိုင်းထက် ပီပြင် ပြင်းထန်ပါလိမ့်မည် ။ ကြီးမားသည်။

ကျယ်ပြန့်သည်။ နက်ရှိုင်းသည် ဆိုမှတော့ ဖခင်နှင့် အလွန် လိုက်ဖက်သော ဝေါဟာရပဲ ဖြစ်သည်။ သူ့ထက်လှသော ၊ သာလွန် သော အမည် မရှိနိုင်လောက်ဟု ထင်ပါသည်။ သူ့ကို အဘိဓာန်မှာ ဖွင့်ဆိုတာကိုက ကြည့်ပါဦး "ကမ်းမမြင်အောင် ကျယ်ပြန့်သော ရေပြင်ကြီး" တဲ့လေ။

ကျွန်တော် ပင်လယ်တွေ အများ ကြီး တွေ့ ခဲ့ဖူးပါသည်။ ပင်လယ်တွေကို ဖတ်ခဲ့ဖူးပါသည်။

*

ပင်လယ် (၁)။

Den Clark ၏ The Circus ကို ကျွန်တော် ဖတ်ခဲ့ဖူးသည်။ Den Clark တို့သားအဖ ဆပ်ကပ်ပွဲကြည့်ရန်လာတော့ သူတို့ရှေ့တွင် လက်မှတ်တန်းစီနေသော မိသားစုတစ်စု ရှိသည်။ ကလေးချည်း (၈) ယောက်၊ မိဘနှစ် ပါးနှင့်ဆို (၁၀) ယောက်။ ရုံဖွင့်ခါနီး လက်မှတ်ဖြတ်တော့ လက်မှတ်ခနှုန်းထားလည်းကြားရော ကလေးတို့ဖခင်ခမျာ ခေါင်းငိုက်စိုက်ကျသွားရှာသည်။ သူတို့မှာ ပိုက်ဆံလုံလောက်အောင် မပါ။ သားငယ်၊ သမီးငယ်တို့၏ မျှော်လင့်အိပ်မက်ကို ဖျက်ပြီး အိမ်ပြန်သွားရတော့မည့် အခြေအနေပဲ ဖြစ်ပါသည်။ သည်အဖြစ်အပျက်ကိုမြင်သော စာရေး သူ Den Clark ၏ ဖခင်က အကျႌအိတ်ထဲ လက်နှိုက်ကာ ဒေါ်လာ (၂၀) တန် တစ်ရွက်ကို မြေကြီးပေါ် အသာပစ်ချလိုက်ပြီး ပိုက်ဆံကို ပြန်ကောက်ကာ ကလေးများ ဖခင် ပခုံးကို ပုတ်လျက် "ဒီမှာ ခင်ဗျ စောစောက ခင်ဗျားအိတ်ထဲက ထွက်ကျသွားတယ်" ဟုပြောတော့ ကလေးများ ဖခင်က သဘောပေါက်စွာဖြင့် Den Clark ၏ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ တုန်တုန်ယင်ယင်ဖြင့်

“ကျေးဇူးတင်ပါတယ်ဗျာ တကယ့်ကို ကျေးဇူးပါပဲ၊ ကျွန်တော့်အတွက်ရော ကျွန်တော့် မိသားစုအတွက်ပါ အဖိုးမဖြတ်နိုင်ပါဘူးခင်ဗျာ”

Den Clark တို့သားအဖကတော့ လက်မှတ်ဖိုးမရှိတော့၍ ဆပ်ကပ်ပွဲ မကြည့်နိုင်တော့ဘဲ အိမ်ပြန်လာခဲ့ရတော့သည်။

The Circus ကို ကျွန်တော် အကြိမ်ကြိမ် ပြန်ဖတ်မိပါသည်။ ဖတ်မိတိုင်းလည်း ကလေးများ ဆပ်ကပ်ပွဲ မကြည့်လိုက်ရမှာ ကို စိုးရိမ်သော ဖခင်၏ သော ကကို မြင်လိုက်ရပါသည်။ သားသမီး အပေါ် ထားအပ်သော ကြီးမားကျယ်ပြန့်သည့် ကမ်းမမြင်မေတ္တာဟု ဆိုရပါလိမ့်မည် ။ သည်တော့ ကလေးများ ဖခင်က ပင်လယ်ပဲပေါ့။

ပင်လယ် (၂)။

Den Clark ၏ ဖခင်ကိုလည်း ပင်လယ်ဟု သတ်မှတ်ချင်ပါသည်။ မကြီးကျယ်သော် လည်း အကြင်နာ မေတ္တာကို အကောင်းဆုံး ဖြည့်တင်းပေးနိုင်ခဲ့သည်မဟုတ်လား။ သည်တော့ Den Clark ၏ ဖခင်က ပင်လယ်ပဲပေါ့။

ပင်လယ် (၃)။

၁၉၈၉ ခုနှစ် က အာမေးနီးယားပြည်နယ်တွင် ရစ်ချ်တာစကေး ၈.၂ အင်အားရှိ ငလျင်ကြီး လှုပ်တော့ ၄ မိနစ်ခန့် ကြာသည်။ သည် ၄ မိနစ်က လူ့အသက်ပေါင်း ၃၀၀၀၀ ကျော်ကို နှုတ်ယူ သွားခဲ့ပါသည်။ ငလျင်လှုပ်အပြီးမှာ စာသင်ကျောင်းတစ်ခုဆီ ပြေးသွားခဲ့သော ဖခင်တစ်ယောက် အကြောင်းက စိတ်ဝင်စားဖွယ် ကောင်းလှသည်။ သည်အကြောင်းကို Mark V. Hansen က Are You Going To Help Me? ဟူ၍ စာတစ်ပုဒ်ရေး ခဲ့သည်။ ပြိုကျပျက်စီး၊ အုတ်ပုံဘဝ ရောက်နေပြီ ဖြစ်သော စာသင်ကျောင်းလေးရှိ သူ့သား၏ စာသင်ခန်းကို မှန်းဆကာ အုတ်ကျိုးအုတ်ပုံတွေ ကို ဖယ်ရှားပါတော့သည်။ သွေးရူးသွေးတန်း ဖြစ်နေရှာပြီဟု

မီးသတ်၊ ရဲတို့က ထင်မြင်ယူဆပြီး ၎င်းအား ထွက်ခွာသွားဖို့ တိုက်တွန်းခဲ့သော လည်း ၈ နာရီ၊ ၁၂ နာရီ၊ ၂၄ နာရီ၊ ၃၆ နာရီ၊ ၃၈ နာရီ . . . ကြာမြင့်ချိန်မှာ တော့ အုတ်အင်္ဂတေတုံးကြီးတစ်တုံးကို ဆွဲထုတ်ဖယ်ရှားလိုက်နိုင်ပါသည်။

"အာမန်း"

သူ့သားလေးအမည် ကို မျှော်လင့်ခြင်းများ စွာ၊ မေတ္တာတရားတို့ သိပ်သည်းစွာ အော်ဟစ် ခေါ်ဆိုလိုက်တော့

"ဖေဖေ . . . သားပါ ဖေဖေရ၊ သား သူငယ်ချင်းတွေ ကို ပြောထားတယ်။ ဘာမှမကြောက်နဲ့ ငါ့အဖေ မသေသေးရင် ငါ့ကို သေချာပေါက် လာကယ်မှာ ၊ ငါလွတ်ရင် မင်းတို့လည်း လွတ်မယ်"

အာမန်းလေး၏ တုံ့ပြန်စကားကတော့ ၃၈ နာရီလုံးလုံး ကျောက်တုံးကျောက်ခဲတွေ ကို မနားတမ်း ဖယ်ရှားခဲ့သော ဖခင်ကြီးအတွက် အမောပြေစေခဲ့ပါပြီ။

ကူညီမည့်သူမရှိ၊ ဝေဖန်ပစ်တင်မှုတွေ ကြားမှာ တစ်ဦးတစ်ယောက်တည်းဖြင့် သားနှင့် သား၏ သူငယ်ချင်းများ အသက်ကို ကယ်တင်နိုင်ခဲ့သော အာမန်းလေး၏ ဖခင်က ပင်လယ်ပဲပေါ့။

ပင်လယ် (၄)။

အတော် များများ သိကြသော ဗိမ္ဗိသာရမင်းကြီးအကြောင်းကို အကျဉ်းမျှ ပြောပြချင်ပါ သေးသည်။ ဗိမ္ဗိသာရမင်းကြီးက သားတော် လေးအပေါ် ထားအပ်သော ချစ်ခြင်းမေတ္တာ နက်ရှိုင်း ကြီးမားကျယ်ပြန့်ပုံကို ကဗျာလင်္ကာ၊ သီချင်းတို့ဖြင့် ခေတ်အဆက်ဆက် ဖွဲ့ဆိုခဲ့သည်။ ကျွန်တော် ငယ်စဉ်က ကျွန်တော် တို့အိမ်အနီးရှိ ရုပ်ရှင်ရုံ၏ ညနေတိုင်း ဖွင့်သော ပင်တိုင်သီချင်းမှာ "အဖကိုပင် သတ်မယ့်သားလို့ ပုဏ္ဏားတော် များ ဟောကြားခဲ့တာ၊ ဖခင်ဘုရင်မှာ မကြားလိုပါ၊ မကြားလိုပါ။ သတ်လိုပင် သတ်ပါစေတော့ မလျှော့သော မေတ္တာ ရေပမာ

တသွင်သွင် စီးကျလေ တာ” ဆိုသည့် ဗိမ္ဗသာရမင်းကြီးအကြောင်း စပ်ဆိုထားသော သီချင်းပင် ဖြစ်ပါသည်။

သားတော် အဇာတသတ်မင်းသားလက်မှာ ခူနာပေါက်သည့်အခါ အနာမှာ ကိုက်ခဲသည့် အတွက် သားတော် လေး ဝေဒနာ သက်သာရာ သက်သာကြောင်း ခူနာပေါက်သည့်လက်ကို အာခံတွင်း ထဲ ငုံကာထားခဲ့သည်။ အာငွေ့ကြောင့် ခူနာမှာ ပြည်ပေါက်ခဲ့ရာ သွေးပုပ်များ ဖြင့် ရောနှောနေသော ပြည်တွေ ကို ထွေးထုတ်လိုက်လျှင် သားငယ်လေးနိုးသွားမည် ကို စိုးရိမ်စိတ်ဖြင့် မျိုချခဲ့သည်တဲ့လေ။ သားတော် အဇာတသတ်က မိမိကို သတ်ဖြတ်မည် မှန်း ကြိုတင်သိထားပါ လျက် စိုးစဉ်းမျှ အပြစ်မမြင်နိုင်ဘဲ ဘုရားရှင်ဟောကြားသော ထုသဇာတ်ကိုပင် မနာယူနိုင်လောက် အောင် သားတော် လေးအပေါ် ချစ်အားကြီးလွန်းသော ဗိမ္ဗသာရမင်းကြီးကို ကရုဏာဒေါသော ဖြင့် အကြင်နာပိုခဲ့ရပါသည်။

ဒေဝဒတ်ကြောင့် အကြံဆိုး၊ ဉာဏ်ဆိုးများ ဖြင့် အသိတိမ်သလွှာ ဖုံးခဲ့သော ၊ နှလုံးသား မာကျစ်ခဲ့သော အဇာတသတ်ကိုယ်တိုင် သားတော် လေး ဥဒယဘဒ္ဒကို ဖွားမြင်တော့ အချိန်ကား နှောင်းခဲ့ပြီ။ ဖခင် ဗိမ္ဗသာရမင်းကြီး နတ်ရွာစံလေပြီ။

ကျွန်တော် ငယ်စဉ်တောင်ကျေးကတည်းက စွဲလန်းမှတ်ထင် မမေ့မလျော့သော ဇာတ်တော် ကြီး၏ ဇာတ်လမ်းဇာတ်ကွက်များ ကား ရင်ထဲစွဲနစ်နေဆဲပဲ ဖြစ်ပါသည်။ သည်တော့ ဗိမ္ဗသာရမင်းကြီးသည်လည်း ပင်လယ်ပဲပေါ့။

ပင်လယ် (၅)။

ရှမ်းပြည်တောင်ပိုင်း ရွှေညောင်မြို့လေး၏ ဘူတာရုံကလေးတွင် တစ်ချိန်တစ်ခါတုန်းက ပြုံးစာပေ မည် သော စာအုပ်ဆိုင်လေးတစ်ဆိုင်

ရှိခဲ့ဖူးပါသည်။ ရထားခရီးသည်များ အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့သော စာအုပ်ဆိုင် ဖြစ်လင့်ကစား မြို့ကလေး၏ တစ်ခုတည်းသော စာအုပ်ဆိုင် ဖြစ်သည့်မို့ အတန်အသင့်စာအုပ်စုံသည်ဟု ပြောနိုင်ပါသည်။ သည်ဘူတာလေးမှာ တာဝန်ကျ သော စာရေး ကြီးဦးကျော်သန်းတွင် သားသမီး (၇) ယောက်ရှိသည်။ သည် ၇ ယောက်လုံးအတွက် စာရေး ကြီးက ပေးထားသော အခွင့်အရေး တစ်ခုရှိသည်။ ပြုံးစာပေမှကြိုက်ရာ စာအုပ်ယူသွားခွင့် ရှိခြင်းပင်။ ရွှေသွေး၊ တေဇ၊ မိုးသောက်ပန်း၊ မော်ဒန်ကာတွန်း၊ ရှင်ပြုံး၊ တိုင်းရင်းသားပုံပြင်များ ၊ အီဆွတ်ပုံပြင်များ ၊ ရှေ့သို့ စာစောင်၊ ယုဝတီဂျာနယ်၊ တိုင်းရင်းမေဂျာနယ် . . . စသဖြင့်။ လကုန်၊ လခထုတ်ခါမှ ပြုံးစာပေမှ ပေးလာသော ဘောက်ချာအတိုင်း စာရေး ကြီးက ငွေရှင်းပေးရလေ သည်။ ဒီလတော့ အဝယ်များ တယ်၊ ငွေကုန်ကြေးကျများ တယ် ဟူ၍ တစ်ခွန်းတစ်ပါဒမျှမဟ။ သားသမီးတို့ စာအုပ်ကိုယ်စီဖြင့် အိန္ဓြေရနေသည်ကို အကျေနပ်ကြီး ကျေနပ်နေသည်ဟု ထင်ပါ သည်။

စာအုပ်စာပေတို့နှင့် သားသမီးများ ကို ရင်းနှီးကျွမ်းဝင်စေခဲ့သော ဖခင်ကြီး၏ အမြော်အမြင် နှင့် မေတ္တာတရားက သားသမီးတို့၏ အနာဂတ်ပုံရိပ်ကို လင်းလက်သွားစေသည်ဟု ဝံ့ရဲစွာ ဆိုချင် ပါသည်။ ပါရဂူဘွဲ့၊ မဟာဘွဲ့၊ ဥပဒေဘွဲ့၊ စီးပွားရေး ပညာဘွဲ့၊သိပ္ပံဘွဲ့၊ ဝိဇ္ဇာဘွဲ့တို့ စာရေး ကြီး သားသမီး ၇ ယောက်လုံး ရယူနိုင်ခဲ့ပြီ။ လောကလူ့ရွာကို သင့်တင့်လျောက်ပတ်သော နေရာမှ အလှဆင်နိုင်ကြပြီ။ သည်အသီးအပွင့်က ဖခင်ဝတ္တရား၊ ဖခင်တာဝန်ဆိုရုံမျှနှင့် ရခဲ့သည်မဟုတ်။ ရည်ရွယ်ချက်မြင့်မားသော ဖခင်တစ်ယောက်၏ မြင့်မြတ်သန့်စင်သော နှလုံးသားစေ့ဆော်ချက်ဟု ထင်ပါသည်။

ဦးကျော်သန်း မည် သော စာရေး ကြီးကား ကျွန်တော် ၏ ဖခင်ပဲ ဖြစ်ပါသည်။ ကျွန်တော် တို့ မောင်နှမအားလုံးအတွက်တော့ ပင်လယ်ပဲပေါ့။

*

Den Clark ၏ The Circus ထဲက ကလေးများ ဖခင်၊ Den Clark ၏ ဖခင်၊ အာမန်းလေး၏ ဖခင်၊ ဗိမ္ဗိသာရမင်းကြီး၊ ကျွန်တော် ၏ ဖခင်တို့အပြင် နောက်ထပ် … နောက်ထပ် ပင်လယ်နှင့် တူသော ဖခင်များ စွာ ရှိပါဦးမည် ။ လူသားတွေ ရှိနေသရွေ့ မိခင်တွေ ရှိနေမည် ။ ဖခင်တွေ ရှိနေမည် ။ ထို့ကြောင့် မြင့်မိုရ်တွေ အများ ကြီးရှိမည် ။ ပင်လယ်တွေ အများ ကြီးရှိမည် ။

ကျွန်တော် သည်ပင် သား ရဲဝဏ္ဏ၏ ဖခင် ဖြစ်နေပြီကော။ သားအတွက် ကျွန်တော် ကိုယ်တိုင် ပင်လယ်နှင့်တူနိုင်ပါရဲ့လား။ နိုင်းရကောင်းပါရဲ့လား။ ရှေ့ကရှိခဲ့ဖူးပြီးသော ပင်လယ်တို့အကြောင်း အိပ်ရာဝင်ပုံပြင်တို့ဖြင့် သားလေး သိနေခဲ့ပြီးပြီ။ စာအုပ်တွေ ကို ရင်းနှီးချစ်မက်နေမှတော့ အဇာတသတ် ဘယ်တော့မှ မ ဖြစ်နိုင်တော့သလို ကမ္ဘာကြီးအတွက် အမှိုက်တစ်စလည်း မ ဖြစ်နိုင် လောက်ဟု ထင်ရပါသည်။ သည်အခွင့်အရေး ရလျှင်ပင် ကျွန်တော် ပင်လယ်နှင့် တူနိုင်ကောင်းရဲ့ လေ။

**ဖတ်ညွှန်း**

**ကြယ်များ လွန်လျှင် ရသစာစုများ**

**ဆရာနန္ဒာသိန်းဇံ၏ ချစ်လွန်းတဲ့အဖေ**

**မဟေသီမဂ္ဂဇင်း**

*

ကျွန်တော် တို့ အတုအယောင်ပြဇာတ်ထဲ စီးမျောမသွားဖို့ လိုပါ မည် ။ သွေးဆူတတ်သော လူမျိုးပေမို့ ဇာတ်လမ်းခေါ်ရာနောက် လိုက်ပါသွားပြီး

ဆင်ကွက်ထဲ ဝင်ရင်း အူနေသော မီးကို တောက်လောင်စေဖို့ ကောက်ရိုးတစ်စ၊ ဓာတ်ဆီတစ်စက် ပစ်ချ ပက်ဖျန်းသူမ ဖြစ်ဖို့က နှလုံးသား နူးညံ့နေရမည် လေ။

သည်အတွက် ကျွန်တော် တို့ ကမ်းလက်များ ကို ကြိုဆိုရ ပါမည် ။

**သဘောထားကောင်းသည့်နိုင်ငံ**

## သဘောထားကောင်းသည့်နိုင်ငံ

"သားတို့မှာ အိမ်ရှိခဲ့ဖူးတယ်လေ"

"သမီး အိမ်ပြန်ချင်တယ် သမီးကြောင်ကလေးတွေ သမီးကို ရှာနေမှာ "

"ကယ်ဆယ်ရေး စခန်းမှာ လူတအားများ တယ်။ သမီး မနေတတ်ပါ။ သမီးတို့ အိမ်ကလေး မှာ ပဲ နေချင်ပါတယ်"

"သဘောထားကောင်းတဲ့ နိုင်ငံမှာ နေချင်ပါသည်"

အပြစ်မဲ့ နာကျင်မှုများ အတွက် စာနာမှုလက်များ ပေါင်းစည်းထားသည့် မေတ္တာကွန်ရက် လေးက ကယ်ဆယ်ရေး စခန်းဆိုသော နေရာများ သို့ အရောက်သွားခဲ့ပါသည်။ ညှိုးလျော်၊ ချုံးကျုလ နေသော ကလေးငယ်လေးတို့၏ ပါးပြင်ထက်က မျက်ရည်စီးကြောင်းများ ကို ယုယစွာ သုတ်ပေးနိုင် သော်ငြား နှလုံးသား၌ စူးနစ်နေသော ဆူးများ ကို ဖယ်ရှားနိုင်ရေး က သိပ်တော့လည်း လွယ်လိမ့် မည် မထင်။

ကလေးများ ၏ စိတ်ခံစားချက် အရင်းအတိုင်း မချွင်းမချန် ရေးထားသော ၊ ရောင်စုံခဲတံလေး များ ဖြင့် ဆွဲထားသော ရုပ်ပုံများ ၊ လက်ရေး များ ကို စုစည်းထားသည့် စာအုပ်လေးကို ဖတ်ရှုခံစားမိ တာကတော့ အားလုံးက သူတို့နေခဲ့ရသော အိမ်ကလေးတွေ ဆီ ပြန်ချင်နေကြတာပါပဲ။ အိမ်ပျောက်သူကလေးများ အတွက် မေတ္တာကွန်ရက် စာနာမှုလက်များ က စီစဉ်သော ထောက်ထား ညှာတာ၊ စေတနာထုထည် ပြည့်ဝသော စာအုပ်လေးပဲ

ဖြစ်ပါသည်။

စာအုပ်လေးထဲမှာ ရင်ဘတ်ထဲကစကားတွေ ၊ အရုပ်တွေ ရေး ဆွဲခဲ့သော သားငယ်၊ သမီးငယ်လေးများ ၏ လွန်ခဲ့သော နှစ် က အနိဋ္ဌာရုံ အ ဖြစ်အပျက်ကြီးကို သတိရသည်။ သတိရပြီ ဆိုတော့ ပုံရိပ်များ ၊ အရောင်များ က နှလုံးသားထဲသို့ တိုးဝှေ့ဝင်ရောက်လာသည်။ ရုပ်ရှင်ဆိုလျှင် တော့ နောက်ကြောင်းပြန် ပြကွက်များ ပဲ ဖြစ်ပါလိမ့်မည် ။

*

၂၀၁၃ မတ်လ ၃၀။

"ဗလီတွေ မီးလောင်ကုန်ပြီ . . . ဈေးထဲက ဆိုင်တွေ လည်း ဖျက်ခံနေရပြီ"

"ဦးဇင်းတစ်ပါး အသတ်ခံလိုက်ရတယ်တဲ့ဟေ့"

"လူအုပ်ကြီး တုတ်တွေ ၊ ဓားတွေ နဲ့ မြို့ထဲ သွားနေကြပြီ"

"ရဲတွေ က ရပ်ကြည့်နေတာတဲ့ ... ဘာမှ မတတ်နိုင်တော့ဘူးဆိုပဲ"

"ဟော ... မီးခိုးလုံးကြီး မီးက ကူးလာပြီ"

"ကလေးတွေ လာ ... လာ နိုင်သလောက်သာသယ်"

"ဘာမှ မက်မနေနဲ့ အသက်က အရေး ကြီးတယ်။ မိသားစု မကွဲအောင် ဂရုစိုက်"

မီးတောက်မီးလျှံများ က အိမ်ကလေးများ ကို ဝါးမျို၊ လူတွေ က ဝရုန်းသုန်းကား ပြေးလွှား။ သည်ကြားထဲမှာ မှ ကြောင်သားငယ်လေးများ ကို ကိုက်ချီပြီး ဘေးလွတ်မည် ထင်ရာသို့ ထိတ်လန့် တုန်လှုပ်စွာ ပြေးလွှားနေသော

ကြောင်မလေးတစ်ကောင်လည်း ပါဝင်နေလိမ့်ဦးမည် ။

“ထွက်ခဲ့ . . . စား စားချင်း လုံ လုံချင်းကွ”

“မအေ x x x ကောင်တွေ ၊ သတ်ပစ် အသေသတ်ပစ်”

ဥပဒေဆိုတာကြီးက ဘယ်ရောက်သွားလေပြီလဲ။ တရားဥပဒေစိုးမိုးရေး က အားနည်းလွန်း နေပြီထင့်။ သွေးသံတရဲရဲ၊ ဆဲသံတညံညံ၊ ပေါက်ကွဲသံ တဝုန်းဝုန်း၊ ပြေးကြလွှားကြ တရုန်းရုန်း။

နောက်တော့ အိုးမဲ့ အိမ်မဲ့ပေါင်းများ စွာ။ မျက်စေ့သူငယ် နားသူငယ်လေးများ က တငိုငို တရှိုက်ရှိုက်ဖြင့် မိဘဆွေမျိုးများ ခေါ်ဆောင်ရာသို့ လိုက်ပါသွားကြ။ တချို့က ဆွေမျိုးရယ်လို့မရှိကြ။ သင်တန်းကျောင်းတွေ က ခွဲခြမ်းစိတ်ဖြာပေးလိုက်သော ကယ်ဆယ်ရေး ဂေဟာ တစ် ဖြစ်လဲ အိပ်ဆောင်တန်းလျားကြီးတွေ ထဲမှာ အိမ်ထောင်စုပေါင်းများ စွာ စုပြုံပြွတ်ခဲ။

လူမှုရေး ၊ ကျန်းမာရေး ၊ လျော့ကျနိမ့်ဆင်း။ ဒေါသလှိုင်းများ ၊ မကျေမနပ် တောက်ခေါက်သံ များ ၊ ငိုကြွေးသံများ ၊ မရေရာသော အနာဂတ်ပုံရိပ်များ ကို ဖမ်းဆုပ်ထားသော မျက်လုံးများ ၊ အနာတရ ဖြစ် ဒုက္ခိတဘဝ ရောက်သွားကြသူများ ၏ ရုပ်ပုံလွှာများ ၊ သေကြေပျက်စီးသွားသော အသက်များ ၊ ၎င်းတို့၏ ဝိညာဉ်များ က ကယ်ဆယ်ရေး စခန်းတွေ ထဲမှာ ဝဲလှည့်နေလိမ့်မည် ထင်သည်။ အရိုးတွန်သံတွေ ကိုလည်း ကြားချင်ကြားနေလေမလား။

မျက်လုံးတစ်ဖက်အတွက် မျက်လုံးတစ်ဖက် ပေးလျော်ကြစတမ်းဆိုလျှင် ကမ္ဘာကြီး တစ်ခုလုံး မျက်ကန်းတွေ ပဲ ဖြစ်ကုန်တော့မပေ့ါ။ ကမ္ဘာကြီးတစ်ဝှမ်းလုံးက ချစ်ခင်လေးစားရသော အိုင်ကွန်ကြီး ဖြစ်သည့် ဂန္ဒီကြီး၏ ဂန္ထဝင်စကားပဲ ဖြစ်ပါသည်။ ငြိမ်းချမ်းရေး အရောင်တို့ ထင်ဟပ်နေ သည့် အလင်းအမှောင် အားကောင်းသော ပန်းချီကားတစ်ချပ်လိုလည်း မှတ်ယူနိုင်ကောင်း ပါသည်။

လက်စားချေလိုစိတ်၊ ရန်ကို ရန်ချင်း တုံ့ပြန်လိုစိတ်၊ သူ့ဘာသာတရားကို ပုတ်ခတ်ပြီး ငါ့ဘာသာတရား အမှန်မြတ်ဆုံးဆိုပြီး တစ်ဖက်သားကို သွေးဆူအောင် ကျင့်ကြံစိတ်၊ ငြိမ်းချမ်းစွာ ယှဉ်တွဲ နေထိုင်ခြင်းကို ဖျက်ဆီးလိုစိတ်၊ အစွန်းရောက်ဝါဒကို ကိုင်စွဲလိုစိတ်၊ လူမျိုးစုချင်း မုန်းတီး စိတ်၊ မေတ္တာတရား ခေါင်းပါး အနိုင်ကျင့်ရမ်းကားလိုစိတ်၊ စိတ် … စိတ် … အဲသည် စိတ်တွေ ပျောက်ပြယ်သွားဖို့ရာမှာ ကမ်းလက်များ လိုအပ်လှပါသည်။ ကမ်းလက်များ သည်လည်း အညစ် အကြေးတို့ စွန်းထင်း၊ သွေးညှီနံ့တို့ စွဲကျန်နေသော လက်များ မဖြစ်ဖို့တော့ လိုအပ်လှပါသည်။ ပကတိဖြူစင်ပြီး နွေးထွေးနူးညံ့သည့် ကရုဏာ၊ အကြင်နာများ စီးဆင်းလှည့်လည်နေသော ကမ်းလက်များ ဖြစ်ဖို့တော့ လိုအပ်လှပါသည်။

*

ကမ်းလက်များ ၊ တွဲ လက်များ မေတ္တာကွန်ရက်များ ဆီမှ သိမ်မွေ့ကြည်လင်သော စမ်းရေ စီးကြောင်းလေးကို ရပ်တန့်ဖို့ ကြိုးစားသူတွေ နှင့် ကြွေးကြော်သံအမျိုးမျိုးကို တစာစာ အော်ဟစ် လျက် တစ်ဘက်သတ် စီရင်ချက်ချသူတွေ ကြောင့် မီးခိုးတွေ ကတော့ အူနေဆဲ။ လေတစ်ချက် မွှေ့လိုက်တာနှင့် ဟုန်းကနဲ ထတောက်မည့် အနေအထားသို့ ရောက်လုပြီ။

ကမ်းလက်များ ကို ပုတ်ချဖို့၊ တွဲ လက်များ ကို ဖြုတ်ပစ်ဖို့ ဟိုကချောင်း သည်ကချောင်းနှင့် ခမ္ဘကြား အခမ္ဘ သွတ်သွင်းပြီး သွေးတို့ ပွက်ပွက်ဆူစေသူတို့ကလည်း သူ့အစုနှင့်သူ။ အကွက်ချ ဖန်တီးမှုများ က မြေလတ်ရောက်လိုက်၊ ကမ်းရိုးတန်းရောက်လိုက်၊ တောင်ပေါ်ရောက်လိုက်၊ ပင်လယ်ရောက်လိုက်။

ကမ်းလက်များ မရုတ်သိမ်းလို့သာ။ တွဲ လက်မများ ဆုပ်ကိုင်ဆဲမို့သာ။

မီးမွှေးသူတွေ က မီးခိုးအူနေတာကို မကြိုက် ဟုန်းကနဲတောက်လောင်ဖို့အတွက် ဘယ်လို လောင်စာတွေ ထည့်လိုက်ရမည် လဲ။ ဘယ်လိုအားဖြည့်ပေးရမည် လဲ။ မုန်တိုင်းလား၊ လေရူးလား၊ ကောက်ရိုးလား၊ ဓာတ်ဆီလား၊ ဘာပဲ ဖြစ် ဖြစ် လုပ်မည့်အနေအထားဟု ထင်ပါသည်။ ဆရာကြိုက်ဖို့အတွက် မျက်ဖြူစိုက်ဖို့ အဓိကဟု ခံယူထားသော နှလုံးသားမာကျောသူတွေ အတွက် ရိုးရှင်းသော ဇာတ်လမ်းပမာ ဖန်တီးမှု အကြမ်းပညာလို့ပဲ သမုတ်လိုက်ရတော့မည် ။

ဇာတ်လမ်းတွေ က အမျိုးမျိုး။ ရည်ရွယ်ချက်က တစ်ခုတည်းသာ။ ဝတ္ထုတိုရေး ဖွဲ့ထုံးတွေ အတိုင်း ပြောမည် ဆိုလျှင်တော့ theme က တစ်ခုတည်း။ message က တစ်ထပ်တည်း။ တူပေမပေါ့ ဇာတ်လမ်းရေး သူက တစ်ယောက်တည်း သို့ မဟုတ် တစ်စုတစ်ဖွဲ့တည်း မဟုတ်လား။ ဇာတ်ကောင်တွေ ကတော့ ကွဲမည် ။ သို့သော် ဇာတ်ကောင်စရိုက်တွေ ကတော့ တသွေမတိမ်း ယိမ်းတိုက်ထားသလို၊ ဇာတ်တိုက်ထားသလို သရုပ်ဆောင်ချက်များ က ကွက်တိ။

ကျွန်တော် တို့ အတုအယောင် ပြဇာတ်ထဲ စီးမျောမသွားဖို့ လိုပါမည် ။ သွေးဆူတတ်သော လူမျိုးပေမို့ ဇာတ်လမ်းခေါ်ရာနောက် လိုက်ပါသွားပြီး ဆင်ကွက်ထဲဝင်ရင်း အူနေသော မီးကို တောက်လောင်စေဖို့ ကောက်ရိုးတစ်စ၊ ဓာတ်ဆီတစ်စက် ပစ်ချ၊ ပက်ဖျန်းသူ မ ဖြစ်ဖို့က နှလုံးသား နူးညံ့နေရမည် လေ။

သည်အတွက် ကျွန်တော် တို့ ကမ်းလက်များ ကို ကြိုဆိုရပါမည် ။

မေတ္တာကွန်ယက်ကို ကြီးသည်ထက် ကြီးအောင် အဝန်းအဝိုင်းကို ချဲ့ထွင်ရပါလိမ့်မည် ။

သည်လိုဆိုလျှင်တော့ သမီးငယ်လေး ချမ်းမြေ့အေး ပြောသည့် “သဘောကောင်းသော နိုင်ငံ” ကို ကျွန်တော် တို့ ရမည် ။

ကမ်းလက်များ ချိတ်ဆက်လိုက်ဖို့ အရေး ကြီးဆုံးအချိန် ဖြစ်လို့နေပါပြီလေ။

ကိုယ်ပိုင်အိမ်ကလေးရဲ့ အရသာက ဝန်ထမ်းအိမ်နှင့်တော့ ကွာချင် တိုင်း ကွာသည်။ ရေတွင်းကလေးရဲ့ရေက အေးမြကြည်လင်ပြီး ချိုသည်။ အိမ်နောက်ဖေး စားပင်များ ကလည်း အတော် သီးသည်။ ချဉ်ပေါင်ရွက်၊ ဟင်းနုနွယ်ရွက်များ ကလည်း နုဖတ်လှသည်။ စိမ်းစားသရက်သီးများ ကလည်း ကြွပ်ရွနေသည်။ သနပ်ခါးပန်း ဝါဝါလေးမများ က ပင်လုံးကျွတ်ပွင့်ကာမှ ယုဇနနှင့်အပြိုင် သင်းထုံ နေသည်။



# အိမ်ပျောက်သူ

ကျွန်တော် တို့မိသားစုမှာ ငြိမ်းချမ်းတည်ငြိမ်သော ၊ အေးမြစိမ်းလဲ့သော ၊ ချိုမွှေးသင်းပျံ့သော အိမ်ကလေး ရှိခဲ့ဖူးပါသည်။ ကျွန်တော် တို့မိသားစုဆိုတာက သားသမီး ၇ ယောက်နှင့် မိဘနှစ် ပါး စုံညီသော အသိုက်အမြုံတစ်ခု ဖြစ်ပါသည်။ သားသမီး ၇ ယောက်မှာ ကျွန်တော် က နံပါတ် ၅ ဖြစ်သည်။

ကျွန်တော် ၇ နှစ် သားခန့်မှာ မြို့ကလေး၏ မြို့လယ်ပိုင်းနှင့် သိပ်မဝေးလှသော ရပ်ကွက် သန့်သန့်လေးရဲ့ လမ်းဘေးကျနေရာလေးမှာ အမေက အိမ်ကလေးတစ်လုံး ဝယ်ယူခဲ့ပါသည်။ အဖေက မီးရထားဝန်ထမ်း သာမန်စာရေး ကြီးတစ်ယောက်သာ ဖြစ်သည်မို့ အဖေ့အစွမ်းအစဖြင့် ကိုယ်ပိုင်အိမ်တစ်လုံး ဝယ်နိုင်ဖို့က အတော် ခက်ခဲပါလိမ့်မည် ။

သားသမီး ၇ ယောက် ပညာရေး ဖြင့်ပင် အဖေ့အဖို့ အသက်ဝဝရှူနိုင်ဖို့ မမြင်။ ယခုခေတ်ကို ကျူရှင်ပါ ထားရလျှင် အဖေ့ပါးရှပ်ရှပ် ဆံပင်လေးက တစ်မွေးတောင် ကျန်လိမ့်မည် မထင်။ အဲသည် အိမ်ကလေးကို အမေ ကုန်ရောင်း၊ ကုန်ဝယ် အမြတ်အစွန်းလေးများ ဖြင့် ဝယ်ခဲ့သည်ဟု အမေ ပြောပြပါသည်။ ငွေရှစ်ထောင်ကျပ်ပေးခဲ့ရသည်ဆိုတော့ အံ့သြစရာ ဖြစ်လေမလား။ အဲသည် တုန်းက ငွေရှစ်ထောင်ကျပ်၏ ခိုင်မာမှုက ရွှေ ၂၀ ကျပ်သားခန့်

တန်ကြေးရှိသည်ဆိုပဲ။ ဘယ်လိုပဲ ဖြစ် ဖြစ် သူ့စျေးနှင့်သူ တန်ရာ တန်ရာရခဲ့သော ဘိုးဘွားပိုင်မြေပေါ်ရှိ အိမ်ကလေးပဲ ဖြစ်ပါသည်။

သွပ်မိုး၊ ပျဉ်ကာ၊ သမံသလင်း ခင်းရုံမျှသာမက ရှမ်းပြည်ဒေသ၊ ဘာသာတရား ကိုင်းရှိုင်း ကြသူတွေ အရပ်ဆိုတော့ သံဃာစင်လိုမျိုး ကွပ်ပျစ်အကြီးကြီးကို ၁ လက်မထု ကျွန်းပျဉ်တွေ ဖြင့် ခင်းထားသေးသည်။ မြေအကျယ် ၈၀ x ၁၀၀ ပေမို့ အတော့်ကို ကျယ်ဝန်းလှပါသည်။ အိမ်ရှေ့ ခြံထောင့်မှာ ရေတွင်းကလေးရှိသည်။ ရေတွင်းကလေးဘေးမှာ ပေ ၃၀ လောက် အလျားရှည်သော ပန်းခြံကလေးရှိသည်။ နှင်းဆီရောင်စုံ၊ စံပယ်၊ ဇွန်ပန်းရုံ၊ ဒေလီယာပန်းတို့ဖြင့် ပန်းခြံက အမြင်စွဲနေ အောင်လှသည်။ အိမ်ခေါင်းရင်း မြေကွက်မှာ တော့ သနပ်ခါးပင်၊ စိမ်းစားသရက်ပင် ၅ ပင်နှင့်။ သနပ်ခါးပန်းပင်က ရေတွင်းနောက် ယုဇနပင်နှင့်အပြိုင် ပွင့်တာဆိုတော့ ကျွန်တော် တို့ အိမ်ဝင်းက သင်းပျံ့မွှေးကြိုင်နေတော့သည်။

အိမ်ကလေးဝယ်ပြီး ၁ နှစ် လောက်ထိ ကျွန်တော် တိုပက အဖေ့ဝန်ထမ်းအိမ်မှာ ပဲ နေသေး သည်။ အစ်ကိုဝမ်းကွဲလင်မယားကို အိမ်စောင့်အဖြစ် ထားသည်။ ကျွန်တော် တို့ မောင်နှမတွေ ဝန်ထမ်းအိမ်ကနေ ကျောင်းသွားတော့ အိမ်ကလေးမှာ တစ်ယောက်နားပြီး ပန်းခြံထဲမှ နှင်းဆီ၊ စံပယ်၊ သနပ်ခါးပန်း၊ ယုဇနပန်းတို့အပြိုင်ခူးလျက် ကျောင်းခန်းရောက်တော့ ဆရာမစားပွဲမှာ သွားတင်ခဲ့တာလေးတွေ မှတ်မိနေသေးသည်။

“သားတို့ အိမ်မှာ ပန်းတွေ အမြဲပွင့်တာပဲလား”

ဆရာမမေးတော့ မရှိသေးတဲ့ ပန်းအမည် တွေ ပြောပြီး အကြွားပိုခဲ့သေးသည်။ ပန်းခြံလေးကလည်း ဂုဏ်ယူနိုင်လောက်သည်ကိုး။

အဖေ အောင်ပန်းဘူတာပြောင်းရတော့ မိသားစု လိုက်ပါမသွားကြဘဲ အိမ်ကလေးဆီ ရွှေ့ပြောင်း လိုက်ကြသည်။ ကိုယ်ပိုင်အိမ်ကလေးရဲ့ အရသာက

ဝန်ထမ်းအိမ်နဲ့တော့ ကွာချင်တိုင်း ကွာသည်။ ရေတွင်းကလေးရဲ့ရေက အေးမြကြည်လင်ပြီး ချိုသည်။ အိမ်နောက်ဖေး စားပင်များ ကလည်း အတော် သီးသည်။ ချဉ်ပေါင်ရွက်၊ ဟင်းနုနွယ်ရွက်များ ကလည်း နုဖတ်လှသည်။ စိမ်းစား သရက်သီးများ ကလည်း ကြွပ်ရွနေသည်။ သနပ်ခါးပန်း ဝါဝါလေးမများ က ပင်လုံးကျွတ်ပွင့်ကာမှ ယုဇနနှင့်အပြိုင် သင်းထုံနေသည်။ ဒေလီယာ ပွင့်နီပွင့်ဝါ ဖားဖားကြီးတွေ က နှင်းဆီရောင်စုံတွေ ကြား ကားကားစွင့်စွင့်။ စံပယ်၊ ဇွန်ပွင့်လေးတွေ က ပိုးကောင်၊ ပျကောင်တောင် မကပ်ငြိဘဲ ဖွေးဖွေး ဆွတ် ရှင်းသန့်နေသည်။

ချိုသော ၊ လန်းသော ၊ မွှေးသော အိမ်ကလေးပဲ ဖြစ်ပါသည်။

*

အဖေ အောင်ပန်းမှာ ၃ နှစ် တာဝန်ကျပြီး ပျော်ဘွယ်ပြောင်းရတော့ မိသားစုအားလုံး လိုက်ရပြန်သည်။ အိမ်ကလေးကို အစ်မဝမ်းကွဲ မိသားစုထံ အပ်နှံထားခဲ့သည်။ ပျော်ဘွယ်ကနေ သာစည်၊ နောက် မန္တလေးကို အဖေပြောင်းရတော့ ကျွန်တော် တို့မောင်နှမတွေ ပင် ဘွဲ့တွေ ကိုယ်စီ ရကုန်ကြပြီ။ အဖေ ပင်စင်ယူခါနီး တော့ မြို့ကလေးရှိ အိမ်ကလေးကို နှစ် ထပ်တိုက် ပြင်ဆောက် လိုက်သည်။ တိုက်ဆောက်ပြီး မကြာခင်မှာ ဘဲ အစ်မကြီးက လက်ထောက်ကထိကရာထူးတိုးပြီး တောင်ကြီးကောလိပ် (ထိုစဉ်က ကောလိပ်အဆင့်) သို့ ပြောင်းရသည်။ ရေကန်အသင့် ကြာအသင့်။ အဖေနှင့် အမေက အစ်မကြီးနှင့်အတူ လိုက်နေကြသည်။

သို့ သော် ၃ နှစ် ပြည့်တော့ အစ်မကြီးက မန္တလေးသို့ ပြောင်းရပြန်သည်။ အစ်ကိုကြီးက မန္တလေးဘူတာကြီးမှာ ရထားလက်မှတ်စစ်။ အစ်မလတ်က ပျဉ်းမနားရေဆင်းမှာ သစ်တောသုတေ သနအရာရှိ။ အစ်ကိုလတ်က

ရန်ကုန်နှင့် မန္တလေး ကူးချည်သန်းချည် အရောင်းအဝယ်။ ကျွန်တော် က
သာစည်ဘူတာမှာ ရုံပိုင်လေး။ ကျွန်တော့်အောက် နှမက မိတ္ထီလာ ကောလိပ်သချာ
နည်းပြ။ အငယ်ဆုံးက မန္တလေး အ.လ.က ကျောင်းတစ်ကျောင်းမှာ အလယ်တန်းပြ။
သည်တော့ မြို့ကလေးက အိမ်ကို ထားရစ်ခဲ့ပြီး မိသားစုအားလုံး အနေနီးသည့်
မန္တလေးရွှေမြို့တော် ကြီး၏ သတ္တဗေဒခြံဝန်းကြီးထဲသို့ အဖေနှင့် အမေ
လိုက်ပါခဲ့ရသည်။ ကျွန်တော် တို့ငယ်စဉ်က အဖေ ပြောင်းရွှေ့ရာသို့ သားသမီးတွေ
က လိုက်ပါခဲ့ရပြီး အဖေပင်စင်ယူအပြီးမှာ တော့ သားသမီးတွေ နောက်သို့ အဖေနှင့်
အမေ လိုက်ပါရတော့သည်။

နောက်ဆုံးမတော့ ရှမ်းပြည်မြို့ကလေးရှိ ချိုသော ၊ မွှေးသော ၊
လန်းဆန်းသော အိမ်ကလေး တစ် ဖြစ်လဲ ၂ ထပ်တိုက်ကြီးကို
ရောင်းချလိုက်ကြသည်။ ရောင်းရငွေဖြင့် မန္တလေး မဟာမြိုင်အရပ် မှာ ၆၀ x ၈၀ ပေ
မြေကွက်ပေါ်ရှိ ထရံကာ ဝါးကပ်မိုးအိမ်ကလေးကို ဝယ်လိုက်တော့ ရွှံ့နွံထဲက
တဲသာသာ အိမ်ကလေးကြည့်ပြီး မြို့ကလေးက တိုက်နှင့်ချိန်ထိုးပြီး ကျွန်တော် ကား
ဝမ်းနည်း၊ နှမျော လွမ်းတနေမိသည်။

ကျွန်တော့် နှမျောတသမှုက တာရှည်မခံပါ။ မန္တလေးရှိ
အိမ်ကလေးနေရာမှာ ဂျပန် ရောက်သွားသော အစ်ကိုလတ် အကူအညီဖြင့်
နံကပ်တိုက်လေး ဆောက်လိုက်ပြီးချိန်မှာ တော့ မြို့ကလေးရှိ အိမ်ဈေးနှင့် မန္တလေးရှိ
အိမ်ဈေးက အဆမတန် ကွာသွားလေပြီ။ သည်တော့ အဖေတို့
ဆုံးဖြတ်ချက်မှန်သည်ဟု ယူဆရမည် ပေ့ါ။ ကျွန်တော် ကတော့
ငယ်စဉ်ကနေခဲ့ရသည့် ချိုသော ၊ မွှေးသော ၊ လန်းသော အိမ်ကလေးကိုသာ
အခါအခွင့်သင့်တိုင်း သတိရနေတတ်ပါသည်။

*

မန္တလေးအိမ်ကိုလည်း ချိုသော ၊ မွှေးသော ၊ လန်းသော အိမ်ကလေး ဖြစ်အောင် အဖေက ဖန်တီးပေးထားပါသည်။ အိမ်ရှေ့အုတ်ထရံရှေ့မှာ မာလကာပင်၊ ဩဇာပင်၊ ဒန့်သလွန်ပင်တွေ စိုက်ထားပေးသည်။ အိမ်ပေါက်ဝဘေးမှာ တောင်ထန်းနှစ် ပင်က ဘယ်၊ ညာ။ တရုတ်နှင်းဆီ၊ ကစ်(စ်)မီကွစ်ပန်းအိုးများ ကို အိမ်တွင်း ဝင်းထရံနှင့် ကပ်လျက်မှာ ချထားပြီး ခြံထောင့် မြေကျန်လေးမှာ တော့ ဇွန်ပန်းရုံကလေးကို မမေ့မလျော့ စိုက်ပေးထားသည်။ အတန်အသင့် ချိုသော ၊ မွှေးသော ၊ လန်းသော အိမ်ကလေးတော့ ဖြစ်သွားပါသေးသည်။

ဂျပန်ရောက် အစ်ကိုလတ်မှလွဲ၍ သီတင်းကျွတ်၊ သင်္ကြန်ပိတ်ရက်များ မှာ မောင်နှမတွေ စုံညီ အဖေ၊ အမေရှိရာ အိမ်ကလေးသို့ စုရုံးရောက်ရှိကြပြီး အဖေနှင့် အမေ့ကို ကန်တော့ကြတော့ အဖေကလည်း ပြုံးလို့။ အမေကလည်း ပျော်လို့။ သည်လိုဆိုတော့လည်း အိမ်ကလေးက အတန်အသင့် အဆင့် လွန်မြောက်လျက် တကယ့်ကို ချိုသော ၊ မွှေးသော ၊ လန်းသော အိမ်ကလေး ဖြစ်သွားတော့တာပါပဲ။

*

၂၀၀၈၊ ဇူလိုင်၊ ၄ မှာ တော့ ချိုသော ၊ မွှေးသော ၊ လန်းသော အိမ်ကလေး၏ ပုံရိပ်တွေ ကျဆင်းသွားခဲ့ပါသည်။ ကျွန်တော် တို့၏ မိခင်ကြီး အသက် ၈၅ နှစ် အရွယ်မှာ အသည်းရောဂါဖြင့် ကွယ်လွန်ပါသည်။ အမေဆုံးတော့ ဂျပန်ရောက် အစ်ကိုမှလွဲ၍ မောင်နှမအားလုံး မန္တလေးအိမ်သို့ ရောက်သည်။ မောင်နှမအားလုံး အပြန်အလှန်အားပေး၊ အဓိကကတော့ အဖေ့ကို အားပေးရတာ ပဲ ဖြစ်သည်။ နှစ် ၆၀ ကြာမြင့်သည်ထိ လက်တွဲ ခဲ့သော ဘဝအဖော်မွန်ကို လက်တွဲ ဖြုတ်လိုက်ရသည့် အတွက် အဖေ ထိထိခိုက်ခိုက် ခံစားနေမှာ ပါပဲ။

“မင်းတို့ အမေမရှိတော့ပေမယ့် အဖေ့မှာ သားသမီး မြေးတွေ ရှိနေလို့ အထီးကျန်မယ် မထင်ဘူး … မင်းတို့ မကြာခဏတော့ အဖေ့ဆီလာကြပါကွာ”

သည်လိုပြောတာကိုက အဖေ ကြေကွဲဝမ်းနည်းနေသည်ဟု ထင်ပါသည်။ အတူနေ သားသမီးများ ရှိနေသေးလို့ တော် သေးရဲ့ဟု အောက်မေ့မိသည်။

“အမေမရှိတော့ပေမယ့် အဖေရှိနေသေးတာပဲ … အမေ့အတွက်ပါ ပေါင်းပြီး အဖေ့ကို သားတို့ နှစ် ဆ ပိုချစ်၊ ပိုဂရုစိုက်မှာ ပေါ့”

ကျွန်တော် ကတိပေးခဲ့သလို ကျန်မောင်နှမများ လည်း လိုက်လိုက်လှဲလှဲ ပြောခဲ့သည်။

သည်တော့ အမေ့နှစ် ပတ်လည်နေ့၊ သီတင်းကျွတ်၊ သင်္ကြန်အခါကြီး ရက်ကြီးများ မှာ မောင်နှမများ စုံညီရောက်ကြပြီး အဖေ့ကို ကန်တော့ ဖြစ်ကြသည်။ သားသမီးတွေ စုံတော့ အဖေ့ အပြုံးက ချိုမြနေသည်။ သည်လိုကျတော့လည်း ကျွန်တော် တို့ အိမ်ကလေးသည် လုံးလုံး လျားလျားကြီးတော့လည်း အထီးကျန်မဆန်သေးဟု ထင်ပါသည်။

*

သည်နှစ် ၂၀၁၃ မေ ၂၁ မှာ တော့ အသက် ၉၀ အရွယ် အဖေ ဆုံးပါသည်။

*

အစ်မကြီးက ပင်စင်ယူပြီးသွားပြီမို့ သမီး အိမ်ထောင်သည်ရှိရာ

မေမြို့မှာ ။ နှမအလတ်က ထားဝယ်တက္ကသိုလ်မှာ ။ ဂျပန်က အစ်ကိုလည်း အဖေ့ရက်လည်ဆွမ်းအမီလာပြီး ပြန်သွားပြီ။ အစ်မလတ်က ရေဆင်းမှာ ပဲ။ ကျွန်တော် က ရန်ကုန်မှာ ။ မန္တလေးအိမ်မှာ က အစ်ကိုကြီးမိသားစုနှင့် နှမအငယ်ဆုံးသာ ရှိသည်။

*

မနေ့က ရေဆင်းနေအစ်မလတ်က ဖုန်းဆက်သည်။

"နင်ကတော့ မိသားစုနဲ့မို့ တော် သေးတယ်။ ငါက တစ်ယောက်တည်းသမားဆိုတော့ ရုံးပိတ်ရက်ရှည်မှာ ဘယ်သွားရမှန်းတောင် မသိတော့ဘူး။ အဖေရှိနေသေးတုန်းက ပြန်စရာ အိမ်ရှိသေးတယ်လေ။ အခု အဖေလည်း မရှိတော့ဘူးဆိုတော့ ပြန်စရာ အိမ်လည်းမရှိတော့ဘူး ပေ့ါဟာ … အိမ်ဝေးသူမဟုတ်ဘူးဟ အိမ်ပျောက်သူ။ သိပ်မကြာခင်မှာ အိမ်ရောင်းပြီး အမွေခွဲကြတော့မယ်လေ။ အားလုံးက တောင်းဆိုနေကြပြီ။ အမိ၊ အဖ မဲ့သွားတဲ့ အိမ်က စည်းလုံးမှု ပျက်ပြား သွားတာပဲ မဟုတ်လား … အဲဒါ နင်လည်း လက်ခံမှာ ပါ"

ရှည်ရှည်လျားလျား ပြောသွားသော အစ်မလတ် ခံစားမှုက ကျွန်တော့်ထံ ကူးစက်သည်။

*

ချိုသော ၊ မွှေးသော ၊ လန်းသော အိမ်ကလေးတစ်လုံးသည် အဖ၊ အမိတို့မဲ့သော အခါ ဆိတ်သုဉ်းခန်းခြောက်လေပြီလား။ မောင်နှမအားလံးအတွက် အသိုက်ပျက်လို ဖြစ်သွားပြီ ထင်ပါသည်။

ချိုသော ၊ မွှေးသော ၊ လန်းသော အိမ်ကလေးကို လွမ်းလှပါသည်။

အဖေနှင့် အမေ ရှင်ပြန်လာလျှင်တော့ သည်အခွင့်အရေး မလွဲမသွေ ပြန်ရမှာ ပါပဲ။

သို့ သော် ဒါက ဖြစ်မှ မ ဖြစ်နိုင်တော့တာဘဲလေ။

**ပေဖူးလွှာမဂ္ဂဇင်း**

*